ခေဠော–ချဉ်ငန်စပ်ခါး အရသာများကို စားသော်မြင်သော် အကြံပေါ်၍ နာသော်နှလုံး ရှုံ့မှုန်းမယှင်း ရေမြုပ် ဆင်းသို့ လျှာရင်းပြစ်ချွဲ လျှာဖျားကျဲကြည် လျှာရည်ဖြစ်သော တံထွေးသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

---

ဖျစ်ညှစ်ကြည့်သောအခါ ထို အဆီပြစ်ကလေးများ ထွက်လာတတ်ပါသည်။

**တံထွေး။** ။ပါးစပ်အတွင်း၌ အမြှုပ်ကလေးများ တနေသော အရည်တမျိုးကို "တံထွေး"ဟု ခေါ်၏၊ အဆင်း ဖြူ၏၊ ရေမြှုပ်သဏ္ဌာန် ရှိ၏၊ တည်ရာအားဖြင့် ပါးစောင် ၂-ဘက်တို့မှ လျှောသက်၍ လျှာပေါ်၌ တည်၏၊ ဤတံထွေးသည် အမြဲ တည်ရှိနေသည် မဟုတ်၊ အချဉ် အခါး စသော သွားရည် ယိုလောက်သော အစာကို ခံတွင်း၌ ထားသောအခါ အချဉ် စသည်ကို မြင်သောအခါ အမှတ် ရသောအခါတို့၌သာ ပါးစောင် ၂-ဘက်မှ လျှောသက်၍ လျှာ၌ တည်လာသည်၊ ဝမ်းတွင်း နှလုံးမကောင်းသောအခါ ရွံဘွယ်ရာ ဝတ္ထုကို မြင်၍ စက်ဆုပ် ရွံ့ရှာခြင်း ဖြစ်သောအခါ၌လည်း တံထွေး ဖြစ်လာတတ်၏၊ ခဲဘွယ် ဘောဇဉ်ကို စားသောအခါ၌ကား (မြစ်ကမ်းပါး၌ လက်ယက်တွင်းကလေးဝယ် ရေမကုန်နိုင်သကဲ့သို့) ထိုတံထွေးသည် မကုန်နိုင်ဘဲ အစားအစာများကို စိုစေနိုင်သောအစွမ်း ရှိလေသည်။